GBV Sub-Cluster Myanmar

Myanmar Child Protection AoR

# မြန်မာနိုင်ငံတွင် GBV ခံစားရသူများအတွက် ဘေးကင်းသော အိမ်များ (Safe Houses) အား လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်

## *ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို ပေါင်းစည်းထည့်သွင်းခြင်းအတွက် အနိမ့်ဆုံးစံချိန်စံညွှန်းများ*

ဤအကျဉ်းချုပ်လမ်းညွှန်ချက်သည် ကျားမအခြေပြု အကြမ်းဖက်မှု (GBV) ခံစားရသူများနှင့် ၎င်းတို့၏ ကလေးသူငယ်များအတွက် အရေးပေါ်အခြေအနေများတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (CP) ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့်စပ်လျဉ်း၍ ဘေးကင်းသောအိမ် (Safe Houses) ဆိုင်ရာ ဝန်ထမ်းများအတွက် လမ်းညွှန်ချက်များထောက်ပံ့ပေးရန် အဓိကရည်ရွယ်ပါသည်။ Safe Houses များကို စီမံခန့်ခွဲနေသည့် မိတ်ဖက်အဖွဲ့များကလည်း တိကျစွာ စွဲမြဲလိုက်နာရမည့် စံပြုလုပ်နည်းလုပ်ဟန်များကို ရေးဆွဲအတည်ပြုထားပြီးဖြစ်သည်ဟု မျှော်လင့်ထားသောကြောင့်[1] ဤလမ်းညွှန်ချက်သည် Safe Houses ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းအတွက် တစ်ခုတည်းဖြင့် ပြီးပြည့်စုံသော လမ်းညွှန်ချက်ဖြစ်ရန် ရည်ရွယ်ထားခြင်းမရှိပါ။ ဤလမ်းညွှန်ချက်၏ ရည်ရွယ်ချက်မှာ safe houses ဝန်ထမ်းများ၏ နေ့စဉ်လုပ်ငန်းများနှင့် safe houses များအား စီမံခန့်ခွဲရေးတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများကို ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် လမ်းညွှန်ချက်များ ထောက်ပံ့၍ ကူညီပေးရန်ဖြစ်သည်။ ဤလမ်းညွှန်ချက်သည် အသက် ၁၈ နှစ်နှင့် အထက်ရှိသော အရွယ်ရောက်ပြီးသူ GBV ခံစားရသူများကို လွှမ်းခြုံပါဝင်ထားသော်လည်း အသက် ၁၈ နှစ်အောက်ရှိ GBV ခံစားရသူ အရွယ်မရောက်သေးသော ကလေးသူငယ်များနှင့် ဆယ်ကျော်သက်များကို လွှမ်းခြုံပါဝင်ရန် ရည်ရွယ်ထားခြင်း မရှိပါကြောင်း သတိပြုစေလိုပါသည်။

## *ရည်ရွယ်ချက်များ*

မြန်မာနိုင်ငံ၏ လက်ရှိ လူသားချင်းစာနာမှုအခင်းအကျင်းတွင်၊ GBV ခံစားရသူများအတွက် ဘေးကင်းသောအိမ်များ (Safe Houses)[2] သည် GBV အား ခံစားရသည့် အမျိုးသမီးများအတွက် အကူအညီကို လက်လှမ်းမီ ရရှိနိုင်စေသည့် အရေးအကြီးဆုံး လမ်းစတစ်ခုတွင် ပါဝင်သည်။ Safe Houses များသည် ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်မှုများစွာရှိနေပြီး၊ ဘေးကင်းစွာ သွားရောက်နိုင်မည့် နေရာ မရှိကြသည့် GBV ခံစားရသူများနှင့် အထူးသဖြင့် အနီးကပ်လက်တွဲဖော်၏ အကြမ်းဖက်မှု (IPV) နှင့် အိမ်တွင်းအကြမ်းဖက်မှုမှ ခံစားရသူများအား ထောက်ပံ့ပေးရန် ရည်ရွယ်ထားသည်။ GBV ခံစားရသူ များစွာတို့သည် ကလေးသူငယ်ပြုစု စောင့်ရှောက်ရေးတာဝန်များ ရှိနေကြသည့်အတွက်၊ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနေရာများ သို့မဟုတ်

---

[1] အသေးစိတ်အချက်အလက်များအတွက် GBV Minimum Standards (2019) ကို ကြည့်ပါ။

[2] ဤလမ်းညွှန်စာတမ်း၏ ရည်ရွယ်ချက်အလို့ငှာ၊ ဘေးကင်းသော အိမ် (Sfae House) ဟူသော စကားလုံးကို အသုံးပြုပါမည်၊ သို့သော် ဤလမ်းညွှန်ချက်ကို ဘေးကင်းသော ခိုလှုံရာများ (Safe Shelters) များအတွက်လည်း အတူတူပင် အသုံးပြုပါသည်။

ကလေးသူငယ်အကျိုးပြုယာယီနေရာများ မရှိခြင်းသည် ခံစားရသူများက ယင်း Safe Houses များအား အသုံးပြုနိုင်မှုကို အတားအဆီးဖြစ်စေသည်။ ထို့အပြင် ကလေးသူငယ်များသည် မိမိတို့နေအိမ်တွင်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ ရက်စက်ကြမ်းတမ်းမှုများကို တွေ့ကြုံရနိုင် သို့မဟုတ် မြင်တွေ့ရနိုင်သည့်အတွက် စိတ်ဒဏ်ရာရမှု သို့မဟုတ် စိတ်သောကရောက်မှုများလည်း ကြုံတွေ့နိုင်သည်။ ထို့ကြောင့် Safe Houses များတွင် CP ဆိုင်ရာ အနိမ့်ဆုံးစံချိန်စံညွှန်းများလည်း ပါဝင်သင့်ပြီး၊ ယင်းတို့က Safe Houses များ၏ နေ့စဉ်လုပ်ငန်းနှင့် စီမံခန့်ခွဲရေးတို့ကို အသိပေးပုံဖော်ပေးရန် အရေးကြီးပါသည်။ [3]

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

### *ကြိုတင်ပြင်ဆင်ခြင်းနှင့် ဝန်ထမ်းတာဝန်ပေးခြင်း*

- GBV ခံစားရသူတစ်ဦးသည် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကလေးသူငယ်များနှင့်အတူ Safe Houses သို့ ဝင်ရောက်လာပါက၊ အတူပါလာသော ကလေးသူငယ်၏ အန္တရာယ်ကြုံတွေ့ရမှု၊ ထိခိုက်ဒဏ်ရာများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ ရက်စက်ကြမ်းတမ်းမှုဒဏ်များအပါအဝင် ထိခိုက်လွယ်မှု အန္တရာယ်ဖြစ်နိုင်ခြေများကိုလည်းကောင်း၊ ကလေးသူငယ်ကိုယ်တိုင်က GBV တွေ့ကြုံခဲ့ရခြင်း ရှိမရှိကိုလည်းကောင်း နားလည်ထားရန်အတွက် CP အရာရှိ သို့မဟုတ် CP ဦးတည်ပုဂ္ဂိုလ် သို့မဟုတ် နှစ်ဦးလုံးသည် Safe Houses တွင် မဖြစ်မနေ ရှိနေရပါမည်။ [4]
- ခံစားရသူများအတွက် အခြေခံပစ္စည်းများနှင့် သူတို့၏ ကလေးသူငယ်များအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးပစ္စည်းအစုံ (CP kits) များကို အသင့်ရှိနေစေရမည်။
- ဝန်ထမ်းများအား ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းများ ပေးထားရမည် -
    - ဝန်ထမ်းများအနက် နှစ်ဦးကို ထပ်တိုး CP သင်တန်းများ တက်ရောက်စေပြီး၊ Safe House အတွင်း ဦးတည်ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ရန် အမည်စာရင်းပေးထားရမည်။
    - Safe Houses အားလုံးတွင် CP ဦးတည်ပုဂ္ဂိုလ်သို့ ဆက်သွယ်နိုင်သည့် လိပ်စာများရှိထားရမည်။ CP ဦးတည်ပုဂ္ဂိုလ်သည် ကလေးသူငယ်တစ်ဦးက မိဘများနှင့်အတူ Safe House သို့ ဝင်ရောက်လာပါက တွေ့ဆုံရန် အသင့်ရှိနေရမည်။ Safe House အနီးရှိ ဒေသအတွင်းတွင် လုပ်ငန်းဆောင်ရွက်နေသည့် CP အဖွဲ့အစည်းများနှင့် အမှု/ဖြစ်ရပ်စီမံခန့်ခွဲရေးအဖွဲ့အစည်းများအား ဆက်သွယ်ရန် လိပ်စာများလည်း

---

[3] အသေးစိတ်အချက်များအတွက် Minimum Standards for Child Protection in Humanitarian Action (2019) ကို ကြည့်ပါ။

[4] UNFPA ၏ အဖွဲ့တွင်း လမ်းညွှန်ချက်များအရ၊ အရွယ်ရောက်ပြီးသူ GBV ခံစားရသူနှင့်အတူပါလာသော ကလေးသူငယ် သည် မိန်းကလေးဖြစ်ပါက အသက် ၁၈ နှစ်အောက်နှင့် ယောက်ျားလေးဖြစ်ပါက အသက် ၁၀ နှစ်အောက် ဖြစ်လျှင် Safe Houses သို့ ဝင်ရောက်နိုင်ကြောင်း သတိပြုပါ။ ရှင်သန်ကျန်ရစ်သည့် ကလေးသူငယ်ဖြစ်ပါက၊ အုပ်ထိန်းသူ သို့မဟုတ် မိဘထံမှ ခွင့်ပြုချက် မပါရှိဘဲ နေစရာနှင့် အမှုစီမံခန့်ခွဲရေး ဝန်ဆောင်မှုများကို လိုအပ်လျှင်၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် လွှဲပြောင်းပေးအပ်သည့် အချိန်အထိ Safe Houses တွင် နေရာပေးထားရမည်။.

ရှိထားရမည်။ ကလေးသူငယ်တစ်ဦးက မိခင်နှင့်အတူ Safe House သို့ ဝင်ရောက်လာပါက အကြောင်းကြားနိုင်ရန်အတွက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စုစည်းထားရမည်။

- Safe House ဝန်ထမ်းအားလုံးတို့ကို ကလေးသူငယ်အကျိုးပြုဆက်သွယ်ပြောကြားရေးနှင့် ပံ့ပိုးကူညီရေးဆိုင်ရာ ကျွမ်းကျင်မှုများ၊ လူသားချင်းစာနာမှုလုပ်ငန်းတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အနိမ့်ဆုံးစံချိန်စံညွှန်းများ၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ MHPSS ဆိုင်ရာ ထပ်တိုးလိုအပ်ချက်များနှင့် စိုးရိမ်မှုများရှိနေသည့် ကလေးသူငယ်များအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် လွှဲပြောင်းပေးခြင်း စသည်တို့ အတွက် လေ့ကျင့်သင်တန်းပေးထားရမည်။[5]
  - မသန်စွမ်းမှုရှိနေသည့် ကလေးသူငယ်များအပါအဝင်၊ ကလေးသူငယ်များအား အသက်အရွယ်နှင့် ကျား၊မ အလိုက် သင့်တော်သော ဆက်သွယ်ပြန်ကြားရေး နည်းလမ်းများကို လေ့ကျင့်သင်တန်းတက်ထားသော တာဝန်ပေးအပ်ထားသည့် CP ဦးတည်ပုဂ္ဂိုလ်များသည် Safe Houses များတွင်ဖြစ်စေ၊ Safe Houses နှင့် နီးကပ်သည့် ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် CP အဖွဲ့အစည်းများတွင်ဖြစ်စေ အသင့်ရှိနေရပါမည်။
- Safe Houses များတွင် CP ဦးတည်ပုဂ္ဂိုလ်များနှင့် အပြုသဘောဆောင်သော မိဘအုပ်ထိန်းမှုဆိုင်ရာ ဆွေးနွေးပွဲများနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ အကူအညီများထောက်ပံ့ပေးနေသည့် အေဂျင်စီများ၏ ဆက်သွယ်ရန် လိပ်စာ/ဖုန်းနံပါတ်များ ရှိထားရမည်။ ခံစားရသူများက မိမိတို့၏ ကလေးများအား ပြုစုစောင့်ရှောက်ခြင်းနှင့် ကလေးများနှင့် ဆက်ဆံရာတွင် သူတို့အား အပြည့်အဝ ပံ့ပိုးကူညီပေးနေကြောင်း သေချာစေရန် ခံစားရသူများအတွက် အပြုသဘောဆောင်သော မိဘအုပ်ထိန်းမှုဆိုင်ရာဆွေး နွေးပွဲများကို လိုအပ်ချက်နှင့် ရန်ပုံငွေ ရရှိမှုကို အခြေခံ၍ တတ်နိုင်သမျှ ရရှိအောင်ပြုလုပ်ပေးခြင်းသည် ကောင်းမွန်သော အလေ့အထတစ်ခုဖြစ်ပါသည်။
- ဝန်ထမ်းများကို သက်ဆိုင်ရာ အဖွဲ့အစည်း၏ ကျင့်ဝတ် (CoC) ကိုလည်းကောင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးခြင်းမှ တားဆီးကာကွယ်ပေးခြင်းဆိုင်ရာ ကလေးသူငယ်ဘေးကင်းလုံခြုံစေရေး မူဝါဒကိုလည်းကောင်း လိုက်နာမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးစေ၍ လေ့ကျင့်သင်တန်းပေးထား ရပါမည်။

## *ကလေးသူငယ်များနှင့် ဆယ်ကျော်သက်ရွယ်များအား ကူညီပေးခြင်း*

- ကလေးသူငယ်များအတွက် အခြေခံလုပ်ငန်းများနှင့် စီစဉ်ထားသော လုပ်ငန်းများသည် (က) ကာကွယ်စောင့်ရှောက်ရေး၊ ကောင်းမွန်စွာ နေထိုင်နိုင်ရေးနှင့် လေ့လာသင်ယူရေးနှင့် (ခ) ဘေးကင်းလုံခြုံ၍ အားလုံးပါဝင်ပြီး၊ အကြောင်းအရာနှင့် အသက်အရွယ်အလိုက် သင့်တော်သော နည်းလမ်းဖြင့် အကူအညီပေးအပ်ခြင်းတို့ကို မြှင့်တင်ပေးရပါမည်။

[5] CP AoR သည် CP ဆိုင်ရာ အနိမ့်ဆုံးစံချိန်စံညွှန်းများအတွက် စွမ်းဆောင်ရည်တည်ဆောက်ရာတွင် လိုအပ်သကဲ့သို့ ပံ့ပိုးကူညီပေးနိုင်ပါသည်။

- ကလေးသူငယ်များကို သင့်တော်သော အကူအညီများထောက်ပံ့ပေးရမည်ဖြစ်ပြီး၊ ကလေးသူငယ်များက ဆော့ကစားနိုင်ပြီး၊ ပုံမှန်ခံစားချက်မျိုးရရှိစေနိုင်သည့် ကလေးသူငယ်အကျိုးပြုနေရာ (Child Friendly Corner) တစ်ခုလည်း ထောက်ပံ့ပေးရမည်။ CP ဦးတည်ပုဂ္ဂိုလ်များသည် ကလေးသူငယ်များကို ပံ့ပိုးကူညီပေးရန်နှင့် လုပ်ငန်းများ ချောမွေ့အောင် ကူညီပေးရန် အမြဲတမ်း ရှိနေရပါမည်။
- ကလေးသူငယ်အကျိုးပြုနေရာများတွင် အနုပညာလက်ရာများ၊ လက်မှုပစ္စည်းများ၊ အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုကဲ့သို့သော လုပ်ငန်းများ ပါဝင်ရပါမည်။
- Safe Houses များတွင် အသက်ပိုကြီးသော ကလေးသူငယ်များနှင့် ဆယ်ကျော်သက်များက မိခင်များနှင့်အတူ ရောက်ရှိလာပါက ၎င်းတို့အတွက် သီးသန့်ဖြစ်ပြီး အသေးစိတ်ပြင်ဆင်ထားသော လုပ်ငန်းများကို ထည့်သွင်းစဉ်းစားရပါမည်။ ယင်းလုပ်ငန်းများတွင် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး ပညာပေးခြင်း၊ စိတ်ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်း၊ ဘဝအတွက်ကျွမ်းကျင်မှု သင်တန်းများစသည်တို့ ပါဝင်သည်။ သင့်တော်သော လုပ်ငန်းများကို မရရှိနိုင်ပါက၊ ဝန်ထမ်းများအနေဖြင့် အသက်ပိုကြီးသော ကလေးသူငယ်များနှင့် ဆယ်ကျော်သက်ရွယ်များအတွက် သင့်တော်သော ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေသည့် အဖွဲ့အစည်းများ၏ စာရင်းတစ်ခု ရှိထားရပါမည်။
- ကလေးသူငယ်များအား ကျောင်းအသွားအပြန် ကြိုပို့ပေးခြင်းအတွက် အစီအစဉ်တစ်ခုကိုလည်း ထည့်သွင်းစဉ်းစားထားရမည်။ ဤအစီအစဉ်ကို ကလေးသူငယ်တစ်ဦးချင်း၏ ဖြစ်ရပ်အလိုက် ဆုံးဖြတ်ပေးရန်ဖြစ်သည်။

## *အားလုံးပါဝင်စေခြင်း*

- Safe House တွင် မသန်စွမ်းမှုများ တွေ့ကြုံနေရသည့် ကလေးသူငယ်များလည်း ပါဝင်နိုင်ပြီး၊ လက်လှမ်းမီ အသုံးပြုနိုင်အောင် ပြုလုပ်ထားရမည်။ ၎င်းတို့ပါဝင်သည့် လှုပ်ရှားမှုများကို ကလေးတိုင်း၏ ထူးခြားသော လိုအပ်ချက်များ၊ စွမ်းဆောင်ရည်များနှင့် ကိုက်ညီအောင် အသေးစိတ်ပြင်ဆင်ထားရမည်။ အားလုံး ပါဝင်စေခြင်း လုပ်ငန်းအတွက် အတွေ့အကြုံမရှိသေးသော Safe Houses များသည် အထူးပြု အကူအညီပေးနေသည့် အဖွဲ့အစည်းများထံမှ ပံ့ပိုးကူညီမှုများကို တောင်းခံရပါမည်။[6]

## *လျှို့ဝှက်ချက် ထိန်းသိမ်းထားခြင်း*

- ကလေးသူငယ်များ၊ ပြုစုစောင့်ရှောက်သူများနှင့် Safe House ဝန်ထမ်းများအကြားတွင် လျှို့ဝှက်ချက် ထိန်းသိမ်း၍ ပုဂ္ဂိုလ်ရေးလုံခြုံလွတ်လပ်စွာ ဆွေးနွေးနိုင်မည့် နေရာတစ်ခုကို သတ်မှတ်ထားရပါမည်။ ကလေးသူငယ်များနှင့် ပြုစုစောင့်ရှောက်သူများက သက်တောင့်သက်သာရှိပြီး၊ မည်သည့်အန္တရာယ်မျှ မရှိနိုင်ဟု ခံစားရစေသည့် ဘေးကင်း၍ ပုဂ္ဂိုလ်ရေးလုံခြုံလွတ်လပ်သော အခန်းတစ်ခန်းကို ပြင်ဆင်ထားရန်

---

[6] CP AoR နှင့် GBV AoR တို့သည် လိုအပ်ပါက စွမ်းဆောင်ရည်တည်ဆောက်ရေး သင်တန်းများအတွက် တက်ကြွစွာ ပံ့ပိုးကူညီပေးပါမည်။

အကြံပြုလိုပါသည်။ ကလေးသူငယ်များ၊ ပြုစုစောင့်ရှောက်သူများနှင့် ဆွေးနွေးရာတွင် နောက်ထပ် ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းများအား လုံလောက်စွာ လေ့ကျင့်သင်တန်းပေးထားရန် မဖြစ်မနေလိုအပ်ကြောင်း သတိပြုပါ။

## *လွှဲပြောင်းပေးပို့ခြင်း*

- Safe House ၏ ဝန်ထမ်းများသည် အနိုင်ကျင့်ခံရမှု၏ အမျိုးအစားများနှင့် လက္ခဏာများကိုလည်းကောင်း၊ အခြားသော ကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများကိုလည်းကောင်း အသိနိုးကြားမှု ရှိရမည်ဖြစ်ပြီး၊ ထိခိုက်လွယ်သော ကလေးသူငယ်များအား နောက်ထပ် လေ့လာအကဲဖြတ်ခြင်းနှင့် ပြုစုစောင့်ရှောက်ပေးခြင်းအတွက် အမှု/ဖြစ်ရပ်စီမံခန့်ခွဲရေးသို့ မည်သို့ လွှဲပြောင်းပေးရမည်ကိုလည်း သိရှိထားရမည်။ အမှုဖြစ်ရပ်အများစုတို့တွင် ခိုလှုံရာနေရာသို့ ဝင်ရောက်လာသည့် ကလေးသူငယ်များသည် “အနိုင်ကျင့်ခံရမှုကို တွေ့ကြုံရခြင်း သို့မဟုတ် တွေ့မြင်ရခြင်း” တို့ ရှိကြမည်ဖြစ်ပြီး၊ CP အမှုဖြစ်ရပ် မန်နေဂျာ၏ ပံ့ပိုးကူညီမှုကို လိုအပ်ပါလိမ့်မည်။ CP အမှုဖြစ်ရပ်မန်နေဂျာသည် လွှဲပြောင်းပေးပို့မှုများကို ကြီးကြပ်ပါမည်။
- သို့ရာတွင် အသက်ကယ်ဆယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကဲ့သို့သော အရေးပေါ် လိုအပ်ချက်များအတွက် Safe House တွင် ဝန်ဆောင်မှုများအား မြေပုံရေးဆွဲလေ့လာမှုများနှင့် လွှဲပြောင်းပေးပို့သည့် လမ်းကြောင်းများကို ရရှိနိုင်အောင်ပြုလုပ်ထားရန် လိုအပ်ပါသည်။

အကူအညီထပ်မံလိုအပ်ပါက CP AoR ညှိနှိုင်းရေးမှူး (Krissie Hayes: krhayes@unicef.org) နှင့် GBV AoR ညှိနှိုင်းရေးမှူး (Kibrom Girmay: kgirmay@unfpa.org) တို့ထံ ဆက်သွယ်နိုင်ပါသည်။